ကချင်အမျိုးသမီးများအစည်းအရုံး-ထိုင်းနိုင်ငံ (KWAT) နှင့် ဥပဒေအထောက်အကူပြုကွန်ရက် (LAN) တို့၏
သတင်းထုတ်ပြန်ချက်

နေ့စွဲ။ ။၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်။

## မြန်မာ့တပ်မတော်ပါဝင်ပတ်သက်သည့် ကချင်အမျိုးသမီးများအပေါ် အဓမ္မပြုကျင့်၊ သတ်ဖြတ်မှု အပေါ် စနစ်တကျ ဖုံးကွယ်ထားမှုအား၊ ဖော်ထုတ်လိုက်သည့် အစီရင်ခံစာသစ်။

ရှမ်းပြည်မြောက်ပိုင်း၊ ကောင်းခါးကျေးရွာတွင်၊ လွန်ခဲ့သည့် တနှစ်တိတိက၊ မြန်မာ့တပ်မတော် ပါဝင်ပတ်သက်သည့် ကချင်စေတနာ့ဝန်ထမ်း ဆရာမနှစ်ဦး အဓမ္မပြုကျင့် သတ်ဖြတ်ခံရမှုနှင့်ပတ်သက်ပြီး စနစ်တကျ ဖုံးကွယ်ထားမှုအား၊ အစီရင်ခံစာတွင် ဖော်ထုတ်တင်ပြထားသည်။

ကချင်အမျိုးသမီးများအစည်းအရုံး-ထိုင်းနိုင်ငံ (KWAT) နှင့် ဥပဒေအထောက်အကူပြုကွန်ရက် (LAN) တို့က မျက်မြင်သက်သေများ၏ ထွက်ဆိုချက်များအပေါ် လေ့လာသုံးသပ်ပြီး၊ အမှုတွင် အဓိက သံသယရှိသူ အဖြစ် ကောင်းခါးကျေးရွာတွင် ယာယီတပ်စွဲခဲ့သည့် မြန်မာ့တပ်မတော်မှ စစ်ကြောင်းမှူးနှင့် သူ၏အထက်အရာရှိများက၊ အဆိုပါ အမှုကို ရဲတပ်ဖွဲ့မှ စုံစမ်းမှုအပေါ် မည်သို့ တားဆီး၊ နှောင့်ယှက်ပုံတို့ကို ဖော်ပြထားသည့် "တရားမှုရှာဖို့ နှောင့်နှေးခြင်းမှာ၊ တရားမှုကို ငြင်းပယ်ခြင်းပါ" အမည်ရသည့် အစီရင်ခံစာကို ထုတ်ပြန်ခြင်းဖြစ်သည်။

ကောင်းခါးကျေးရွာတွင် အခင်းဖြစ်ပွားပြီးသည့်နောက် မူဆယ်အခြေစိုက် ဗျူဟာမှူးနှင့် စစ်သား ၂၀၀ အား အမှုနှင့်ပတ်သက်ပြီး စစ်ဆေးမေးမြန်းရန် ဆင့်ခေါ်ခဲ့သည်။ စစ်တပ်၏ တင်းကြပ်စွာ စောင့်ကြည့်မှု အောက်တွင် ရဲများသည် အခင်းဖြစ်ပွားချိန်က ကောင်းခါးရွာတွင် တပ်စွဲထားသည့် တပ်မှ တပ်သား ၄၀ ဦးအနက် ၂၈ ဦးကိုသာ၊ တဦးလျှင် မိနစ်အနည်းငယ်မျှ မေးမြန်းခွင့်ရခဲ့သည်။ အဓိက သက်သေခံချက်များဖြစ်သော သွေးစွန်းနေသည့် လက်ဖွေရာများကို၊ သေချာစွာ မှတ်တမ်းတင်သိမ်းဆည်းနိုင်ခြင်း မရှိခဲ့ပေ။ ရွာသားအချို့မှာလည်း အမှုကို ကျူးလွန်သည်ဟု အတင်းအဓမ္မဝန်ခံစေရန်အတွက် ညှင်းပန်းနှိပ်စက်ခံခဲ့ကြရသည်။

အခင်းဖြစ်ပွားပြီး ၁၀ ရက်ခန့်သာ အကြာတွင် တပ်မတော်အနေဖြင့် အပြစ်မရှိကြောင်း အစိုးရမှ ထုတ်ဖော်ကြေငြာခြင်းနှင့် ကချင်နှစ်ခြင်း ခရစ်ယာန်အသင်းချုပ် (Kachin Baptist Convention(KBC)) မှ အမှုအား လွတ်လပ်စွာ စစ်ဆေးဆောင်ရွက်ခွင့်ပြုရန် သမ္မတဦးသိန်းစိန်ထံသို့ တောင်းခံမှုအား သမ္မတဦးသိန်းစိန်မှ တစုံတရာ အကြောင်းပြန်ကြားခြင်း မရှိခြင်းသည် အထက်အာဏာပိုင်အဆင့်ဆင့်က အမှုနှင့်ပတ်သက်ပြီး ဆက်လက်ဖုံးကွယ်ထားကြခြင်းဖြစ်ကြောင်းထင်ရှားစေသည်။

ကချင်အမျိုးသမီးများအစည်းအရုံး-ထိုင်းနိုင်ငံ (KWAT) မှ အထွေထွေအတွင်းရေးမှူး မွန်းနေလီ က "ကောင်းခါးအမှုမှာ အစိုးရရဲ့ ဦးစားပေးဆောင်ရွက်ချက်က စစ်တပ်ကို အကာအကွယ်ပေးဖို့ဆိုတာ ရှင်းရှင်း၊ လင်းလင်း မြင်နိုင်ပါတယ်" ဟု ပြောသည်။ "ကျမတို့ အနေနဲ့ တော့ အသစ်တက်လာမယ့် NLD အစိုးရအနေနဲ့ အမှုကျူးလွန်တဲ့သူတွေကို တရားဥပဒေအရ အရေးယူ ဆောင်ရွက်ပေးဖို့နဲ့ စစ်တပ်အနေနဲ့ အပြစ်ဒဏ်ပေးခံရခြင်းကနေ ကင်းလွတ်နေတာတွေ အဆုံးသတ်ဖို့ တိုက်တွန်းချင်တယ်" ဟု ဆက်ပြောသည်။ စစ်တပ်အနေဖြင့် အာဏာဆက်လက်ရှိနေမှု၊ ရဲလုပ်ပိုင်ခွင့်နှင့် တရားစီရင်ရေးအပေါ် ဩဇာလွှမ်းမိုးနေခြင်းတို့သည် မြန်မာပြည်တွင် တရားမျှတမှုရရှိရန်အတွက် အဓိက အဟန့်အတားဖြစ်နေသည့် ဖွဲ့စည်းတည်ဆောက်ပုံဖြစ်နေသည့်အတွက်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် လိုအပ်နေသည်။ သမ္မတတာဂန်ထမ်းဆောင်ခဲ့သူအား တရားစွဲဆိုခြင်းမှ ကာကွယ်ပေးသည့် ဥပဒေသစ်ပေါ်ထွက်လာရေးကြိုးပမ်းမှုမှာ တရားမ ျှတမှုမှ နောက်ပြန်ဆုတ်သွားစေခြင်းဖြစ်သည်။

"သမ္မတဦးသိန်းစိန်အနေနဲ့ သူ့ကိုယ်သူ ဘယ်လို လွတ်ငြိမ်းချမ်းသာခွင့်တွေ ပြဌာန်းနေပါစေ၊ တကယ်လို့ အမိန့်ပေးခြင်းအရ တာဝန်ရှိမှု (command responsibility) ကို သက်သေပြနိုင်ရင်၊ မြန်မာနိုင်ငံအနေနဲ့ လက်မှတ်ရေးထိုးထားတဲ့ ဂျီနီဗာကွန်ဗင်းရှင်းနှင့်အညီ၊ စစ်ရာဇဝတ်မှုအရ သူ့ကို တရားစွဲနိုင်ပါတယ်" ဟု ဥပဒေအထောက်အကူပြုကွန်ရက် (LAN) မှ လူ့အခွင့်အရေးရှေ့နေ ဦးခေါင်လွမ်း ကပြောသည်။

အစီရင်ခံစာ အပြည့်အစုံအား www.kachinwomen.com , www.legalaidnetwork.org တွင် ကြည့်ရှုနိုင်သည်။

ဆက်သွယ်ရန်:


မွန်းနေလီ +၆၆ (၀) ၈၅၅ ၂၃၃၇ ၉ ၁

ဦးခေါင်လွမ်း +၆၆ (၀) ၉၆၈ ၁၆၈၃ ၃၀

ဆိုင်းဇင် +၆၆ (၀) ၈၄၆ ၁၄၂၃ ၃၀